သဲဖြူကျေးရွာ

ကန်ကြီးထောင့်မြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

# (၂၀၁၈-၂၀၂၂)



ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

သဲဖြူကျေးရွာ၊ ကန်ကြီးထောင့်မြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၂၁ ခုနှစ်၊ မတ်လ

**မာတိကာ**


မာတိကာ ၁

အတိုကောက်စကားလုံးများ ၅

စကားချီး ၆

သဲဖြူကျေးရွာအရင်းအမြစ်ပြမြေပုံ၊ ကန်ကြီးထောင့်မြို့နယ် ၈

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ် ၉**

**(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၉**

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

**(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၁**

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

**(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၁**

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

**(၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၄**

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု – လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) **ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ** ၁၇

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) **ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ** ၁၈

(၇) **ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ** ၂၀

(၈) **ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ** ၂၂

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

(ဂ) ဦးစားပေး စီမံချက်များ

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

(၉) **ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်** ၂၄

(၁၀) **ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ** ၂၆

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) **စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း** ၂၈

(၁၁-၁) ကြီးကြပ်စစ်ဆေးခြင်း

(၁၁-၂) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း

(၁၁-၃) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ**

**နောက်ဆက်တွဲ (၁) စီမံကိန်းဇယားများ** ၃၀

(၁) **လူမှုစီးပွားရေး အခြေအနေ**

ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား

ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ

ဇယား ၆ ဥစ္စာဓနအဆင့် အခြေအနေ

ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့်အိမ်ထောင်စု များ
ဇယား ၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၉ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

**(၂)ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ**

ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၂၀ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၁ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက် ပြဿနာနှင့် စိန်ခေါ်မှု များ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်း များ
ဇယား ၂၃ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများ
ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ
ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း
ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ
ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့်သဘာဝရင်းမြစ်စီမံခန့်ခွဲမှုအတွက်လက်ရှိအလေ့ အကျင့်နှင့် အခက်အခဲများ
ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှု နှုန်း
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ ပညာရေး အခက်အခဲနှင့် ပြဿနာများ
ဇယား ၃၄ အဖြစ်များသော ရောဂါများ
ဇယား ၃၅ လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှုနှင့် အာဟာရဆန်းစစ်မှု
ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေရရှိနိုင်မှု

ဇယား ၃၈ အိမ်သာ အမျိုးအစား
ဇယား ၃၉ ကျား-မ ကိစ္စရပ်ဆိုင်ရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေကြောင်းသယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ
**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ** ၆၃
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ
**နောက်ဆက်တွဲ (၃) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာဆန်းစစ်ခြင်းမှ ဖြေရှင်းနည်းအထိ)** ၆၅
**ကိုးကားစာရင်း** ၆၇

**အတိုကောက်စကားလုံးများ**

| | |
|---|---|
| AIDS | ခုခံအားကျဆင်းမှုရောဂါ |
| DRD | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| HIV | ခုခံအားကျဆင်းမှုရောဂါဖြစ်စေသောဗိုင်းရပ်စ် |
| MADB | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် |
| MEB | မြန်မာ့စီးပွားရေးဘဏ် |
| MMK | မြန်မာကျပ် |
| MoALI | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန |
| NGO | အစိုးရမဟုတ်သောအဖွဲ့အစည်း |
| PRA | ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း |
| SLRD | ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန |
| STD | လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ |
| PTA | မိဘဆရာအသင်း |
| TB | တီဘီရောဂါ |
| VDG | ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၇-၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၁-၂၀၂၂ ခုနှစ် အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ပထမဦးဆုံးသော လူအများပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင်ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက် ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာအားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အပိုင်း (၂) ပိုင်း ပါရှိပါသည်။ အပိုင်း (က) တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို အဓိကဖော်ပြထား

ပါသည်။ အပိုင်း (ခ) သည် စီမံကိန်းဆိုင်ရာအချက်အလက်များ၏ အကြောင်းအရာများဖြစ်ပြီး အဆိုပြု စီမံကိန်း လုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

မတ်လ၊ ၂၀၂၁ ခုနှစ်

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

သဲဖြူကျေးရွာ၊ သဲဖြူကျေးရွာအုပ်စု

ကန်ကြီးထောင့်မြို့နယ်

# သဲဖြူကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ကန်ကြီးထောင့်မြို့နယ်



## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

### ၁ နိဒါန်း

### ၁.၁ ရည်ရွယ်ချက်

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ကန်ကြီးထောင့်မြို့နယ်၊ သဲဖြူကျေးရွာအုပ်စု၊ သဲဖြူကျေးရွာသည် အိမ်ခြေနှင့်လူဦးရေများသော်လည်း ဖွံ့ဖြိုးတိုးတက်မှုများ နည်းပါးနေခြင်းတို့ကြောင့် ဤအစီအစဉ်တွင် ပါဝင်ရခြင်းဖြစ်ပါသည်။ ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေး လုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ထို့ကြောင့် ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုပါဝင်မှုအားနည်းရပါသည်။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများ စသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်း အချက်အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရန် လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။ သို့သော် အလွယ်တကူ တက်ကျွမ်းမှုမရှိ၍ စီစဉ်ဆောင်ရွက်ရာတွင် ခက်ခဲပါသဖြင့် မိမိတို့ ဉာဏ်ရည်ဉာဏ်သွေး ပူးပေါင်းပါဝင်မှုများဖြင့် ပြုစုတင်ပြသွားမည်ဖြစ်ပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့ နေရသောပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့် အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာ ကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကိုသိရှိစေရန် မျှော်လင့်ပါသည်။

**အစိုးရနှင့် အခြားအဖွဲ့အစည်းများအတွက် အသုံးဝင်မှု**

ကျွန်ုပ်တို့၏ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိက ကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs)နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။ သို့မှသာ တစ်နိုင်ငံလုံးအတိုင်းအတာအရ ပါဝင်လှူဒါန်းမည်ဆိုပါက ပိုမိုထိရောက်နိုင်မည် ဖြစ်ပါသည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။ လုပ်ငန်းအကြီးစားများမဟုတ်ဘဲ လူထုကိုယ်တိုင် ပါဝင်ဆောင်ရွက်နိုင်သည့် လုပ်ငန်းအသေးစားများဖြစ်၍ လူထုမှလည်း ထိုက်သင့်သည့် လုပ်အားများထည့်ဝင်နိုင်ခြင်း၊ စိတ်ပါဝင်စားမှု၊ ကိုယ်တိုင်ပါဝင်ဆောင်ရွက်နိုင်မှု၊ စိတ်အားထက်သန်မှုနှင့် အတွေ့အကြုံများလည်း ရရှိနိုင်မည်ဖြစ်ပါသည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများ ပြုလာနိုင်ပါမည်။

## ၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သောငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့်ဖွံ့ဖြိုးရေး အမြင်ဖြင့်ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင် ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင်ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို

လူထုပါဝင်၍စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင် မည့်စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

## ၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

### (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

သဲဖြူကျေးရွာသည် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ကန်ကြီးထောင့်မြို့နယ်၊ ရှမ်းရွာတိုက်နယ်အတွင်းတည်ရှိပြီး ပုသိမ်မြို့ရောင်လမ်းမှတစ်ဆင့် သဲဖြူ–ရေချိုကုန်းရွာချင်းဆက် မြေသားလမ်းဖြင့် သွားလာရလွယ်ကူသော်လည်း လမ်းပန်းဆက်သွယ်ရေးအရ ဝေးလံပါသည်။ ရာသီဥတုမှာ ပုံမှန်အနေအထားရှိပါသည်။ ကျေးရွာသည် မြေပြန့်ဒေသတွင်တည်ရှိပြီး အဓိကအသက်မွေးဝမ်း ကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်း ဖြစ်ပါသည်။ ကျေးရွာသည်ရေနုတ်မြောင်း၊ ရေသွင်းမြောင်း များနှင့်ဆက်စပ်နေပြီး မိုးစပါးသာမက နွေစပါးစိုက်ပျိုးရ အဆင်ပြေပါသည်။ လယ်ယာမြေများသည် စပါးစိုက်ပျိုးထုတ်လုပ်ရန် အတွက် အဓိကအားထားရာဖြစ်သည်။

### (ခ) သဘာဝအရင်းအမြစ်

ကျေးရွာသည် ပေပင်မြစ်နှင့်ဆက်စပ်နေသော ချောင်းငယ်များမှ ရေသွင်းမြောင်းများဖြင့် ဆက်သွယ်ထားပြီး တစ်နှစ်ပတ်လုံးရေချိုရရှိသဖြင့် လယ်မြေများတွင် စပါးစိုက်ပျိုးရန် အထူးကောင်းမွန် သည်။ လယ်ယာမြေအသင့်အတင့်ရှိပြီး မြေဆီဩဇာအသင့်အတင့် ကောင်းမွန်ပါသည်။ စိုက်ပျိုးမြေ ဧကပေါင်း (၃၇၄)ဧကနှင့် စားကျက်မြေဧက(၂၀)တွင် မိုးစပါးနှင့် နွေစပါးအဓိကစိုက်ပျိုးသည်။ စိုက်ပျိုး ဧကအားလုံးသည် ရေသွင်းမြောင်းဖြင့် နွေစပါးများ အဆင်ပြေစွာစိုက်ပျိုးနိုင်သည်။ နွား၊ ကြက်၊ ဝက်၊ ဘဲများကိုသာ တစ်နိုင်တစ်ပိုင်မွေးမြူကြပါသည်။ နွားစာ အတွက် ကောက်ရိုးအပြင် မြက်များကို လယ်ကန်သင်းများနှင့် ချောင်းကမ်းပါးမှ အလွယ်တကူ ရရှိနိုင်ပါသည်။ ဆေးဖက်ဝင်အပင်များ အသင့်အတင့်ရှိပါသည်။

## ၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က) လူဦးရေဆိုင်ရာအချက်အလက်များ

အိမ်ထောင်စုပေါင်း (၂၁၂)စုနှင့် ကျား (၄၃၁)၊ မ(၄၄၉) ဦးဖြင့် လူဦးရေပေါင်း (၈၈၀) ဦး ရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ (၄.၁၅) ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်ပျမ်းမျှနှုန်း ၅ ဦးနှင့် အတော်အသင့်ကွာခြားမှုမရှိပါ။ ကျေးရွာတွင် ဗမာလူမျိုး အများဆုံးနေထိုင်ကြပြီး အလုပ်လုပ်နိုင်သည့်

အရွယ်သည် ကျေးရွာရှိလူဦးရေအားလုံး၏ ၇၆% ခန့်ရှိပြီး အမျိုးသမီးဦးရေ စုစုပေါင်းနှင့်အမျိုးသားအရေအတွက်မှာ ကွာခြားမှုမရှိသော်လည်း အမျိုးသမီးများလုပ်ကိုင်နိုင်သည့် အလုပ်များကိုပါ ထည့်သွင်းစဉ်းစားပြီး အလုပ်အကိုင်များကို ဖန်တီးပေးနိုင်ပါက လူ့စွမ်းအားအရင်းအမြစ်ကို ထိရောက်စွာအသုံးချနိုင်ပြီး ကျေးရွာဖွံ့ဖြိုးရေးအတွက် ပိုမိုအထောက်အအကူပြုစေနိုင်ပါမည်။

## (ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေအနေအထားမှာ သာမန်အားဖြင့် အသင့်အတင့်ကောင်းမွန်ပါသည်။ ဆင်းရဲချမ်းသာအဆင့်သတ်မှတ်မှုတွင် မိမိတို့ကျေးရွာ အနေအထားဖြင့်ကြည့်သော် အိမ်ထောင်စုအားလုံး၏ ၆၀ % ခန့်သည် ဆင်းရဲနှင့် အလွန်မပြေလည်သော အိမ်ထောင်စုအဆင့်အဖြစ်သတ်မှတ်ကြပြီး ၁၈.၈ % သည် အလယ်အလတ်အဆင့်နှင့် ၂၁% သည် အဆင်ပြေသည့်အဆင့် ရှိကြသည်ဟုသတ်မှတ်ကြသည်။ ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်မှု၊ လက်လုပ်မီမှု၊ လယ်ယာသုံးစက်ကိရိယာများပိုင်ဆိုင်မှု အသင့်အတင့်ရှိပြီး မြောင်းရေသွင်း၍ စိုက်ပျိုးနိုင်မှုတို့ကြောင့် ကျေးရွာစီးပွားရေးအနေအထားမှာ အသင့်အတင့်ကောင်းမွန်သည်ဟု ပြောနိုင်သည်။ ဆင်းရဲအဆင့်တွင် လက်လုပ်လက်စားကျပန်းများနှင့် မြေယာမဲ့အိမ်ထောင်စုများပါဝင်သည်။ ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုအရေအတွက် ၁၄% ခန့်ထိရှိကာ ဆင်းရဲနှင့်အလွန်ဆင်းရဲ အဆင့်ရှိအိမ်ထောင်စုများပါဝင်ကြသည်။

## (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင်မြေယာမဲ့ အိမ်ထောင်စုအရေအတွက်မှာ ၁၄ % ခန့်ရှိပြီး ရာသီအလိုက် စိုက်ပျိုးရေးလုပ်ငန်းများတွင် အဓိကဝင်ရောက်လုပ်ကိုင်ကြပြီး ဆန်စက်လုပ်ငန်း၊ လက်လီဈေးရောင်း၊ သယ်ယူပို့ဆောင်ရေး၊ လက်သမား၊ ပန်းရံစသည်တို့တွင် ကျပန်းအဖြစ် လုပ်ကိုင်ကြသည်။ ကျေးရွာမှ ဆင်းရဲနှင့်အလွန်ဆင်းရဲအိမ်ထောင်စုများ၏ ၃၀% ဖြစ်သော အိမ်ထောင်စု(၃၈)စုခန့်အား လေ့လာဆန်းစစ်မှုအရယင်းတို့၏ ၃၅ % မှာ သူတပါးထံမှ မချေးမငှားပဲ ၃ လ အောက်သာထိသာ ဝမ်းစာဖူလုံမှုရှိပြီး ကျန်သူများမှာ ၆ လ မှ ၁၂ လအထိဝမ်းစာဖူလုံမှုရှိကြောင်းတွေ့ရှိရသည်။ အကြွေးတင်ရှိမှုတွင် အိမ်ထောင်စုအားလုံးသည် အကြွေးတစ်သိန်းမှလေးသိန်းကျပ်အထိ တင်ရှိနေကြသည်။ ထိခိုက်လွယ်သောအိမ်ထောင်စုများမှာ မိသားစုစောင့်ရှောက်မှုနည်းသူများဖြစ်ကြသည့် သက်ကြီး ရွယ်အို(၁၀)ဦးနှင့် ဆင်းရဲ၍မိသားစုဝင်ဦးရေများသည့် အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုတို့ ဖြစ်ပါသည်။ ထိခိုက်သက်ရောက်မှုအမျိုးအစားတွင် ရေကြီးမှုကိုသာအသင့်အတင့်အနေအထားတွင် တွေ့ရပြီး ကျန်အမျိုးအစားများကို နိမ့်သည့်အနေအထားတွင်တွေ့ရသည်။

ကျေးရွာတွင် ထိခိုက်လွယ်သော အိမ်ထောင်စုများမှာ မြေယာမဲ့ဆင်းရဲသားတောင်သူများနှင့် လက်လုပ်လက်စားကျပန်းများ ဖြစ်ပါသည်။ ထိခိုက်သက်ရောက်မှုအမျိုးအစားတွင် ဆင်းရဲသော အိမ်ထောင်စုများအတွက် စားနပ်ရိက္ခာမဖူလုံမှု၊ တိရစ္ဆာန်ရောဂါကျရောက်ခြင်းနှင့် လမ်းပန်းဆက်သွယ်ရေး အခက်အခဲတို့ကို အနည်းငယ်သာတွေ့ရှိရပါသည်။

## (ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပါသည်။ ကလေးငယ်အများစုသည် ကျန်းမာကြသော်လည်း တခါတရံ ရာသီအကူးအပြောင်းတွင် သွေးလွန်တုပ်ကွေးဖြစ်ပွားမှုများ အသင့်အတင့်ရှိသည်။ မူလတန်းလွန်ကျောင်းတွင် ကျောင်းသား/သူများကိုလည်း အာဟာရတိုက်ကျွေးမှုအသင့်အတင့်ရှိပြီး၊ အမျိုးသမီး၊ လူငယ်လူရွယ်၊ သက်ကြီးပိုင်းအများစုတို့သည်လည်း တစ်ကိုယ်ရည်သန့်ရှင်းရေးနှင့် ကျန်းမာရေးအသိအမြင်များ အသင့်အတင့် ရှိကြသည်။ ကျေးရွာသားများအနေဖြင့် အခြေခံကျန်းမာရေးစောင့်ရှောက်မှုများကို ကုန်းလမ်းဖြင့်(၂) မိုင်ခန့်အကွာရှိ ရေချိုကုန်းအုပ်စုကျေးလက်ဆေးပေးခန်း ဆရာမထံသွားရောက်ကုသမှုခံယူနိုင်ပြီး၊ ကားလမ်းဖြင့်(၇)မိုင်ခန့်အကွာရှိ ပုသိမ်မြို့ဆေးရုံ၊ ဆေးပေးခန်း၊ ဆေးဆိုင်များနှင့်လည်း လက်လှမ်းမီပါသည်။ ကျေးရွာတွင် မိုးရေလှောင်ကန်၊ မြစ်ချောင်းများမှရေနှင့် အဝီစိတွင်း၊ ရေတွင်းမှရေကို သုံးစွဲရသဖြင့် သုံးရေလုံလောက်သော်လည်း သန့်ရှင်းသောသောက်သုံးရေမှာ လုံလောက်မှုမရှိပါ။ အဆိုပါရေများကို သန့်စင်ကျိုချက်သောက်သုံးသောကြောင့် ဝမ်းပျက်ဝမ်းလျှော၊ တိုက်ဖွိုက်နှင့် အစာအိမ်ရောင်စသော ကူးစက်နိုင်သည့်ရောဂါဖြစ်ပွားမှု နည်းပါးကြောင်း တွေ့ရသည်။

## (င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာတွင် စာမတတ်သူဦးရေနည်းပါးသော်လည်း ပညာရေးအဆင့်အတန်း အနည်းငယ်နိမ့်ပါးနေပါသေးသည်။ ဘွဲ့ရရှိသူနှင့် တက္ကသိုလ်ပညာသင်ကြားသူဦးရေမှာ လွန်စွာနည်းပါးပါသည်။ ရွာသားအများစုသည် အခြေခံပညာတို့ကိုတတ်မြောက်ကြပြီး ဘွဲ့ရအရေအတွက်မှာ ၃ % ခန့်သာရှိပါသည်။ အခြေခံပညာရေးကို ကျေးရွာရှိမူလတန်းလွန်ကျောင်းတွင်သင်ကြားနိုင်ပြီး အထက်တန်းပညာရေးကို ပုသိမ်မြို့ပေါ်ရှိကျောင်းများတွင် သင်ယူနိုင်ပါသည်။ တက္ကသိုလ်ပညာရေးကို ပုသိမ်မြို့တွင် သင်ကြားနိုင်ပါသည်။ သို့သော် အသက်မွေးဝမ်းကျောင်းလုပ်ငန်း များဆိုင်ရာကျွမ်းကျင်မှုများမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက် ကျွမ်းကျင်မှုအခြေခံသည့် အလုပ်အကိုင် အခွင့်အလမ်းများသည်လည်း နည်းပါးဆဲဖြစ်သည်။

## (စ) ကျားမဆိုင်ရာဆက်နွယ်မှု

ကျေးရွာတွင် ကျားမဆိုင်ရာဆက်နွယ်မှုအနေအထားမှာ တည်ငြိမ်ကောင်းမွန်ပါသည်။ မိသားစုအတွင်း ကျား/ မတို့၏ အခန်းကဏ္ဍအသီးသီးကို ရပ်ရွာသတ်မှတ်ချက်များအတိုင်း ကျင့်သုံးကြပါသည်။ ကျားနှင့်မအကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်း ကိစ္စများ မတွေ့ရပါ။

ပညာရေးနှင့်ဆိုင်သော မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းများရှိ ကိန်းဂဏန်းများတွင် ကျား၊မ အရေအတွက်မှာ အလွန်ကွာခြားမှုမရှိသဖြင့် အမျိုးသား၊ အမျိုးသမီးများ သာမန်အားဖြင့် ပညာရေးနှင့်အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာ ရရှိသည်ဟုပြောနိုင်ပါသည်။ သို့သော် လုပ်အားသဘာဝနှင့် အင်အားစိုက်ထုတ်ရမှုအရ နေ့တွက်လုပ်အားခငွေများမှာ အမျိုးသားများက ပိုမိုရကြသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် အခြားလူမှုရေးလုပ်ငန်းများတွင်လည်း အမျိုးသမီးပါဝင်မှု အသင့်အတင့်

ရှိကြသည်။ ကျား/မ တန်းတူညီမျှမှု နှင့်ပတ်သက်၍ အသိပညာ ပေးခြင်းများကို မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျား/မ တန်းတူညီမျှမှု၊ ဖွံ့ဖြိုးမှုတို့အတွက် ပိုမို အထောက်အပံ့ဖြစ်လာနိုင်ပါသည်။

## ၄။ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင် ဘာသာရေးဆိုင်ရာအဖွဲ့(၁)ဖွဲ့နှင့် စီးပွားရေးဆိုင်ရာအဖွဲ့(၃)ဖွဲ့ရှိပါသည်။ ယင်းအဖွဲ့များအနက် မြို့နယ်မှဖွဲ့စည်းပေးသော လူမှုရေးဆိုင်ရာအဖွဲ့ဖြစ်သည့် အမျိုးသမီးရေးရာအဖွဲ့မှာ ကျန်းမာရေးဆိုင်ရာသင်တန်းများတက်ရောက်ခြင်း၊ ပြန်လည်ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြပါသည်။

စီးပွားရေးအဖွဲ့များအဖြစ် စိုက်ပျိုးရေးနှင့် မွေးမြူရေးသမဝါယမအသင်း၊ အစိုးရမဟုတ်သော Pact Myanmar ငွေချေးအဖွဲ့၊ စထာပနာအဖွဲ့တို့ရှိကြပြီး ကျေးရွာသားအချို့မှာ အသင်းသားများအဖြစ် ပါဝင်ဆောင်ရွက်လျက်ရှိသည်။

ကျေးရွာသို့ အဓိကဆက်သွယ်သော သဲဖြူ-ရေချိုကုန်းကျေးရွာချင်းဆက်လမ်းမှာ မြေသားလမ်းသာဖြစ်ပါသည်။ မဟာဓာတ်အားလိုင်းနှင့်လည်း အတော်အသင့်အလှမ်းဝေးနေပါသည်။ ကျေးရွာရှိ အဖွဲ့အစည်းများမှာ တစ်ဖွဲ့နှင့်တစ်ဖွဲ့ကြားချိတ်ဆက်ဆောင်ရွက်မှုသာမက အဖွဲ့အစည်းဆိုင်ရာ သဘောတရားတို့နှင့်ပတ်သက်၍လည်း အားနည်းကြသဖြင့် အဖွဲ့အစည်းများစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများရှိပါက စီမံအုပ်ချုပ်မှုပိုင်းတွင် ပိုမိုတိုးတက်ကောင်းမွန်လာနိုင်ပါသည်။

### (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် စပါးကို အဓိကထားစိုက်ပျိုးကြပြီး အချို့အိမ်ထောင်စုများမှာ သီးပင်စားပင်များနှင့် မွေးမြူရေးလုပ်ငန်းများကို တနိုင်တပိုင်လုပ်ကိုင်ကြသည်။ လယ်ယာမြေ (၃၇၄)ဧကရှိပြီး နွေစပါးနှင့် မိုးစပါးနှစ်မျိုးလုံးကို စိုက်ပျိုးကြသည်။ မိုးစပါးတစ်ဧက ပျမ်းမျှထွက်နှုန်း(၅၀)တင်း၊ နွေစပါးတစ်ဧက (၉၅)တင်းနှုန်းထွက်ရှိသည်။ စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာဝန်ဆောင်မှု အားနည်းပြီး စိုက်ပျိုးရေးပစ္စည်းကုမ္ပဏီများမှလည်း တောင်သူများအတွက် ဝန်ဆောင်ပေးနိုင်မှု အားနည်းသည်။ ကျေးရွာတွင် စိုက်ပျိုးရေးဦးစီးဌာနမှဦးဆောင်ပြီး မျိုးစပါးစိုက်ပျိုးထုတ်လုပ်ရေး ဆောင်ရွက်ခြင်း၊ သီးနှံစံပြစိုက်ကွက်များ နမူနာပြစိုက်ပျိုးခြင်းများမရှိပါ။ တောင်သူအများစုသည် လယ်ယာလုပ်ငန်းခွင်အတွက် အလုပ်သမား မလုံလောက်မှုပြဿနာကို ရင်ဆိုင်ရတတ်ပြီး လုပ်အားခပိုမိုပေးနိုင်မှသာ အလုပ်သမားရရှိနိုင်၍ ကုန်ကျစရိတ် မြင့်မားရသည်။ သီးနှံစိုက်ခင်းများတွင် နှစ်စဉ် နှစ်တိုင်း ဖျက်ပိုးကျရောက်လေ့ရှိသည်။ ရောဂါကျရောက်မှုများကိုတွေ့ရှိရပြီး ထိရောက်သောဖျက်ပိုးနှင့် ရောဂါနှိမ်နင်းရေးနည်းစနစ်နှင့် ဆေးဝါးတို့အတွက် စိုက်ပျိုးရေးဦးစီးဌာနမှ လိုအပ်သလိုကူညီ ဆောင်ရွက်ပေးစေလိုပါသည်။

ကျေးရွာတွင် ကိုယ်ပိုင်လက်တွန်းထွန်စက်များ၊ ခြွေလှေ့စက်များဖြင့် လုပ်ကိုင်သူ(၃၄)ဦးရှိသည်။ လယ်ထွန်စက်အပိုင်မရှိသည့် တောင်သူများသည် ငှားရမ်းထွန်ယက်ကြရာတွင် တစ်ဧက(၂၅၀၀၀)ကျပ်ဝန်းကျင်ပေးရ၍ ငှားရမ်းခဈေးကြီးမြင့်မှုများကြောင့် ဈေးနှုန်းသက်သာစွာ ငှားရမ်းဆောင်ရွက်နိုင်ရန် လိုလားနေကြပါသည်။

ကျေးရွာတွင် ဝက်မွေးမြူသူအိမ်ထောင်စု ၅% ခန့်ရှိပြီး တစ်အိမ်ထောင်လျှင် (၁)ကောင်၊ (၂)ကောင် မျှသာမွေးမြူကြသည်။ ဒေသကြက်မွေးကို အိမ်ခြေသုံးပုံနှစ်ပုံခန့်မွေးမြူကြပြီး တစ်အိမ်ထောင်လျှင် (၇)ကောင်၊ (၈)ကောင်နှုန်းမွေးမြူထားပါသည်။ ရာသီအလိုက်ဖြစ်ပွါးတတ်သော ကြက်နာ၊ ဝက်နာစသည့် တိရိစ္ဆာန်ရောဂါများ ရံဖန်ရံခါကျရောက်တတ်သည်။ သီးနှံစိုက်ပျိုးရေး ဆက်စပ်ဝင်ငွေအထိုက် အလျောက် ရရှိနိုင်သည်။ ကျေးရွာတွင်မွေးမြူရန် ရေမြေနေရာ အဆင်မပြေသောကြောင့် ငါးမွေးမြူရေးလုပ်ငန်းများမရှိပါ။

## (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းမရှိပါ။ အခြားဝင်ငွေရလုပ်ငန်းများမှာ ကုန်စုံဆိုင်၊ နေ့စားအလုပ်များ၊ သယ်ယူပို့ဆောင်ရေး၊ ဈေးရောင်း၊ ခေါင်းရွက်ဗျက်ထိုးနှင့် အစိုးရဝန်ထမ်းလုပ်ငန်း စသည်တို့တွင် လုပ်ကိုင်ကြသည်။ ကျပန်းအလုပ်သမားအချို့သည် လုပ်အားခတစ်နေ့ (၅၀၀၀)မှ(၃၅၀၀)နှုန်းထိ ရှိကြသည်။

ပန်းရံ၊ လက်သမားများ၏ ဆရာအဆင့်လုပ်အားမှာ တစ်နေ့ (၁၀၀၀၀)ကျပ် မှ (၈၀၀၀)ကျပ် အထိ ရရှိကြသည်။ ကျေးရွာတွင်စပါးကိုအဓိကစိုက်ပျိုးကြပြီး ကျေးရွာမှအလုပ်သမားများအတွက် အလုပ်အကိုင် အသင့်အတင့်ရရှိကြသည်။ စပါးရိတ်သိမ်းချိန်များတွင် ရိတ်သိမ်းခြွေလှေ့စက်များဖြင့် ငှားရမ်းလုပ်ကိုင်သူ များသည့်အတွက် အလုပ်သမားလိုအပ်မှုလျော့ကျလာပါသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သောဦးရေအသင့်အတင့်ရှိပြီး လူ့အရင်းအမြစ် အလားအလာကောင်း တစ်ရပ်ဖြစ်သည်။ အချို့သောသူများသည် ပုသိမ်မြို့ပေါ်တွင် သွားရောက်လုပ်ကိုင်ကြသည်။ မြို့ပေါ်တွင် သက်မွေးဝမ်းကျောင်းသင်တန်းအချို့ကို ဝန်ဆောင်မှုပေးနိုင်သော လုပ်ငန်းများဖြစ်သော အပ်ချုပ်၊ ဆံပင်အလှပြင်၊ မော်တော်ဆိုင်ကယ်ပြင်၊ မိုဘိုင်းဖုန်းပြင်၊ ဝပ်လျှော့စသည့်အသက် မွေးဝမ်းကြောင်း သင်တန်းများရှိသော်လည်း ရွာသားအများစုသည် အဆိုပါသင်တန်းများနှင့် အထိအတွေ့ နည်းပါးကြသည်။ လုပ်ငန်းခွင်သုံး ပညာအရည်အချင်းပိုင်းတွင်လည်း အနည်းငယ် နိမ့်ကျကြပြီး ကျွမ်းကျင်မှုအခြေခံသည့် အလုပ်အကိုင်ရရှိမှု အားနည်းသည်။

## (ဃ) သဘာဝပါတ်ဝန်းကျင်နှင့် သယံဇာတစီမံခန့်ခွဲမှု

ကျေးရွာရှိ စပါးစိုက်ခင်းများတွင် ဖျက်ပိုးများကျရောက်တတ်ခြင်း၊ ပိုးသတ်ဆေးနှင့် ဓာတု မြေသြဇာသုံးစွဲမှုများပြားခြင်းတို့ကြောင့် မြေဆီလွှာအရည်အသွေး ကျဆင်းလာနိုင်သည်။ စွန့်ပစ် ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျမစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်သည်။

ဤကျေးရွာမှာ မြေပြန့်ဒေသအပိုင်းတွင်တည်ရှိသော်လည်း ရေကြီးရေလျှမ်းခြင်းများအား နှစ်စဉ်လိုလိုပင် အနည်းနှင့်အများဖြစ်ပွားတတ်သည်။ မုန်တိုင်းဘေးအန္တရာယ်ကျရောက်မှု နည်းပါး သည်။ ကျေးရွာ၏ဘေးပတ်ဝန်းကျင်မှာ လယ်ယာမြေများ၊ မြစ်ချောင်းများနှင့် သစ်ပင်များဖြင့် စိမ်းလန်းစိုပြေနေ၍ မိုးခေါင်ခြင်းသဘာဝဘေးအန္တရာယ်မှာ အလွန်နည်းပါးပါသည်။

## (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာမှတောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသော ချေးငွေကို တစ်လ အတိုးနှုန်း ၇၀ ပြားတိုး၊ တစ်ဧကေ တစ်သိန်းခွဲကျပ်နှုန်းဖြင့် အများဆုံး ဆယ်ဧကေအတွက် ချေးယူနိုင်ကြသည်။ ကျေးရွာတွင်စိုက်ပျိုးရေးနှင့်မွေးမြူရေးသမဝါယမအသင်းကို အဖွဲ့ဝင်(၂၀၀)ဦး ပါဝင်ဖွဲ့စည်းထားပြီး မြို့နယ်သမဝါယမ အသင်းစုချုပ်မှချေးငွေပမာဏ သိန်း(၃၀၀)ဖြင့် လည်ပတ်လျက်ရှိကြသည်။ Pact Myanmar အဖွဲ့ဖွဲ့စည်းထားပြီး ရွာသားအများစုသည် အဖွဲ့လိုက် အဖွဲ့ဝင်များအဖြစ် ပါဝင်နေကြကာ အသင်းဝင်များ ချေးငွေယူနိုင်ကြသည်။ ပုဂ္ဂလိကငွေစုငွေချေး အဖွဲ့ဝင်များသည် ချေးငွေကို (၆)အထိချေးယူနိုင်ပြီး ဝိုင်းကြီးချုပ်စနစ်ဖြင့် ချေးငွေပြန်လည် ပေးဆပ်ရေးဆိုင်ရာ စည်းကမ်းပိုင်းတွင်တင်းကျပ်ထားသည်။

ကျေးရွာသားအများစုသည် ချေးငွေကိုအဓိကအားဖြင့် ရိက္ခာ၊ ဝင်ငွေရလုပ်ငန်း၊ ကျန်းမာရေး၊ ပညာရေးဆိုင်ရာကိစ္စရပ်များအတွက် ချေးယူကြပြီးချေးငွေလိုအပ်ချက် များပြားကြောင်းတွေ့ရှိရသည်။ ဆင်းရဲနှင့်အလွန်ဆင်းရဲသောအိမ်ထောင်စုများ၏အကြွေးတင်ရှိမှုကို လေ့လာဆန်းစစ်ချက်အရ အကြွေးပမာဏသည် ကျပ်တစ်သိန်းမှလေးသိန်းထိရှိကြောင်း တွေ့ရှိရသည်။

## (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် မူလတန်းလွန်ကျောင်းကို ဧရိယာ(၇၂'x၂၄')ရှိ သစ်သားဆောင်နှင့် (၄၀'x၂၄')ရှိ သွပ်မိုးအုတ်နံရံကာ အင်္ဂတေအခင်းကျောင်းဆောင်(၂)ဆောင်တွင် သင်ကြားပေးသည်။ အုတ်ကာ အင်္ဂတေခင်းကျောင်းဆောင်ကို (၁၉၈၀)ခုနှစ်တွင်လည်းကောင်း၊ သစ်သားကျောင်းဆောင်ကို (၂၀၁၆)ခုနှစ်တွင်လည်းကောင်း တည်ဆောက်ခဲ့သည်။ အုတ်ကာအင်္ဂတေခင်းကျောင်းဆောင်မှာ ကာလကြာမြင့်ပြီဖြစ်သဖြင့် ပျက်စီးယိုယွင်းမှုများရှိလာ၍ ကျောင်းသားများအတွက် ကျောင်းဆောင် သစ်တစ်ဆောင်ဆောက်လုပ်ပေးရန် လိုအပ်လျက်ရှိပါသည်။ မူလတန်းအောင်ချက်နှုန်းမြင့်မားပြီး ကျောင်းအပ်နှံနှုန်းသည်လည်း ကျေးရွာရှိမူလတန်းတက်ရောက်နိုင်သည့် အရေအတွက်ထက် များပြားနေကြောင်းတွေ့ရသည်။ ကျောင်းတွင် မူလတန်းပြဆရာမ(၃)ဦးနှင့် အလယ်တန်းပြ ဆရာ(၂)ဦးရှိပြီး ကျောင်းသားအရေအတွက်မှာ (၁၆၀)ရှိသဖြင့် တပည့်ဆရာအချိုးသည်(၁:၄၀) အောက်နိမ့်သည်။ လွန်ခဲ့သောကျောင်းဖွင့်ရာသီတွင် မူလတန်းကျောင်းသားအများအတွက် ပြဋ္ဌာန်းစာအုပ်များနှင့် လေ့ကျင့်ခန်းစာအုပ်များကို အခမဲ့ပံ့ပိုးပေးခဲ့ပါသည်။

ရွာသူရွာသားများအတွက် ကျန်းမာရေးဝန်ဆောင်မှုကို (၂)မိုင်ခန့်အကွာရှိ ရေချိုကုန်း ကျေးလက်ဆေးပေးခန်းတွင်သာမက (၇)မိုင်ခန့်ဝေးသည့် ပုသိမ်မြို့နယ်ဆေးရုံကြီးသို့ နွေရာသီတွင် အလွယ်တကူသွားရောက်ကုသနိုင်သော်လည်း မိုးရာသီ၌မြေသားလမ်းဖြစ်သည့်အတွက် သွားလာရခက်ခဲပါသည်။

သောက်သုံးရေအတွက် မိုးရေလှောင်ကန်သုံးစွဲကြသော်လည်း လုံလောက်မှုမရှိပါ။ တစ်ရွာလုံးနီးပါး ယင်လုံအိမ်သာ ဆောက်လုပ်သုံးစွဲကြသဖြင့် ရေကြောင့်ဆက်စပ်ဖြစ်ပွားတတ်သော ရောဂါဖြစ်ပွားမှုနည်းပါးသည်။ စာသင်ကျောင်းတွင် ကျောင်းအိမ်သာမှာစနစ်တကျ ဆောက်လုပ်ထားပြီး ကျောင်းသား/သူများအတွက် အသုံးပြုရန်လွယ်ကူသည်။

## (ဆ) လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့် အနေအထားသီးသန့်မရှိသော်လည်း ခြင်းဝိုင်းများနှင့် ပိုက်ကျော်ခြင်းကွင်းများရှိသည်။ လူငယ်အချို့သည် အရက်သေစာသောက်စားမှု အနည်းငယ်ရှိကြသော်လည်း ကျေးရွာရှိ လူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ကူညီဆောင်ရွက်ကြပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင်လည်း ပူးပေါင်းပါဝင်မှုများရှိသည်။ လူငယ်များအသိဉာဏ်ဖွံ့ဖြိုးရေးအတွက် အသိပညာပေး ဟောပြောပွဲများ ပြုလုပ်ပေးရန်လည်း လိုအပ်လျက်ရှိပါသည်။

## (ဇ) အခြေခံ အဆောက်အဦ – လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

သဲဖြူကျေးရွာနှင့်ရေချိုကုန်းကျေးရွာချင်းဆက်လမ်းသည် မြေသားလမ်းသာဖြစ်ပါသည်။ မိမိတို့ကျေးရွာအုပ်စုတွင်း သဲဖြူနှင့်ရှမ်းစုကျေးရွာချင်းဆက်တံတားအား နိုင်ငံတော်ပံ့ပိုးငွေကျပ် (၃၁)သိန်းနှင့် ကျေးရွာရှိ ပြည်သူလူထုထည့်ဝင်ငွေဖြင့် ကွန်ကရစ်တံတားတည်ဆောက် ပြီးစီးပြီဖြစ်သဖြင့် သွားလာရလွယ်ကူပါသည်။

ကျေးရွာတွင် မဟာဓာတ်အားလိုင်းနှင့်နီးစပ်မှုမရှိ၍ လျှပ်စစ်မီးရရှိပါ။ ယခုအခါတွင် ဖယောင်းတိုင်မီး၊ ရေနံဆီမီးနှင့် ဘက်ထရီမီးများကို အသုံးပြုကြပါသည်။

ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမှီအသုံးပြုနိုင်ကြသည်။ အိမ်ထောင်စုအားလုံးတိုင်းနီးပါး လက်ကိုင်ဖုန်း အသုံးပြုနေကြပြီဖြစ်သည်။ ကျေးရွာတွင် အင်တာနက်အသုံးပြုနိုင်မှု အသင့်အတင့်ကောင်းမွန်ပြီး အခြားသတင်းအချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။

## (ဈ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

ကျေးရွာတွင် ရာဇဝတ်မှုခင်း ဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ ကျေးရွာသားများသည် မိုဘိုင်းတယ်လီဖုန်းဆက်သွယ်ရေးကိုအသုံးပြုနိုင်ကြပြီး လိုအပ်သောသတင်းအရင်းအမြစ်များအတွက် လိုအပ်သလိုဆက်သွယ်သိရှိနိုင်သည်။ ရွာသားများသည် ကျိုက်လတ်ရဲစခန်းသို့အလွယ်တကူ ချိတ်ဆက်နိုင်ပြီး ကျေးရွာတွင် ရာဇဝတ်မှုဖြစ်ပွားခြင်း နည်းပါးသည်။

# ၅။ ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ် မှုများ

## (က) ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ

သဲဖြူကျေးရွာသည် ပထဝီဝင်အနေအထားအရ မြေပြန့်ဒေသတွင်တည်ရှိပြီး ပုသိမ်မြို့ရှောင်လမ်းမှ ရေချိုကုန်းကျေးရွာမှတစ်ဆင့် မြေသားလမ်းဖြင့် သွားလာနိုင်ပါသည်။ ရေချိုကုန်းနှင့် ကျေးရွာချင်းဆက်လမ်းဖြစ်သဖြင့် လမ်းပန်းဆက်သွယ်ရေးသင့်တင့်ပြီး ပွင့်လင်းရာသီတွင် သွားလာရလွယ်ကူပါသည်။ မိုးရာသီတွင် လမ်းများပျက်စီးသဖြင့် သွားလာရခက်ခဲပါသည်။

အခြေခံပညာရေးကို ကျေးရွာရှိမူလတန်းလွန်ကျောင်းတွင် တက်ရောက်နိုင်ပြီး အထက်တန်း ပညာရေးကို ပုသိမ်မြို့ပေါ်ရှိကျောင်းများတွင် တက်ရောက်ကြပါသည်။ ကျေးရွာတွင် လက္ကားကုန်စုံဆိုင်များရှိပြီး လိုအပ်ပါက ပုသိမ်မြို့မဈေးသို့ သွားရောက်ဝယ်ယူရရှိနိုင်သည်။

ကျေးရွာတွင် လျှပ်စစ်မီးမရရှိသေးပါ။ အချို့သောအိမ်ထောင်စုများမှာ တစ်အိမ်ထောင်သုံးဆိုလာများဝယ်ယူအသုံးပြုကြသည်။ ချက်ပြုတ်စားသောက်ရာတွင် ထင်းမီးကိုသာအသုံးပြုကြပြီး ချို့တဲ့သောအိမ်ထောင်စုရှိ ကျောင်းသား/သူများ၏စာဖတ်ချိန်တွင် ဖရောင်းတိုင်မီးကိုသာ အသုံးပြုကြရသည်။ အချို့အိမ်ထောင်စုများမှာ ဆိုလာမီးအသုံးပြုနိုင်ကြသဖြင့် ကျောင်းသားများ၏စာဖတ်ချိန်ကို အထောက်အပံ့ဖြစ်ခြင်း၊ အားလပ်ချိန်များတွင် ဗဟုသုတရဖွယ် သုတ၊ ရသနှင့်သတင်းအစုံအလင်အား တီဗွီဖန်သားပြင်မှ ကြည့်ရှုနိုင်သည်။

လူဦးရေအားလုံး၏ ၇၆% မှာ အလုပ်လုပ်နိုင်သည့် အရွယ်များဖြစ်ကြသည်။ ဘွဲ့ရအရေအတွက် အသင့်အတင့်ရှိပြီး ကျွမ်းကျင်မှုနှင့်အသက်မွေးဝမ်းကြောင်းသင်တန်းများကို လေ့ကျင့်သင်ကြားပေးခြင်းဖြင့် လူသားအရင်းအမြစ်များကို တိုးတက်ကောင်းမွန်စေပါမည်။ ကျေးရွာလူထု၏ကျန်းမာရေးအခြေအနေမှာ ယေဘုယျအားဖြင့်ကောင်းမွန်ပြီး ကျန်းမာရေးပံ့ပိုးပစ္စည်းများနှင့် ဝန်ဆောင်မှုများကိုလည်း လက်လှမ်းမီနိုင်ကြသည်။ ကျေးရွာသားများအနေဖြင့် စိုးရိမ်ရသောဆေးဝါး ကုသလိုမှုအတွက် ပုသိမ်ဆေးရုံကြီးသို့ သွားရောက်ကုသမှုခံယူနိုင်ကြသည်။

ကျေးရွာအတွင်းတွင် ပြင်ပနှင့်ကျေးရွာအတွင်းမှ ဖွဲ့စည်းထားသောလူထုအခြေပြု အဖွဲ့အစည်းများ အသင့်အတင့်ရှိပြီး အဖွဲ့များ၏လုပ်ငန်းလည်ပတ်မှုမှာ အသင့်အတင့်ကောင်းမွန်ကြပေသည်။ စိုက်ပျိုးရေးဦးစီးဌာနမှလည်း မျိုးကောင်းမျိုးသန့်များ၊ စိုက်ပျိုးရေးနှင့် ပတ်သက်သော ခေတ်မီနည်းပညာပေးစနစ်များလာရောက်ပို့ချပေးရန် ကျေးရွာမှတောင်သူများက မျှော်လင့်နေကြပါသည်။

သဘာဝအရင်းအမြစ်များတွင် လယ်မြေများသည် မြေပြန့်ဖြစ်ပြီး မြေဆီသြဇာ အတော်အသင့်ကောင်းမွန်သည်။ တောင်သူများသည် လယ်ယာထွက်ပစ္စည်းများကို အလွယ်တကူသယ်ယူပို့ဆောင်ရောင်းချနိုင်ပြီး ဈေးကွက်အသင့်အတင့်ကောင်းပါသည်။ စပါးကိုအဓိက စိုက်ပျိုးကြပြီး တစ်နှစ်ပတ်လုံးရေချိုရရှိသဖြင့် နွေစပါး၊ မိုးစပါးတို့ကို လွန်စွာအထောက်အကူပြုသည်။ ချောင်းမြောင်းများမှ ရေကိုအသုံးပြု၍ သီးနှံများကို စိုက်ပျိုးကြသည်။

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကိုချောမွေ့စေသည်။ ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမီအသုံးပြုနိုင်ကြသည်။

လူမှုရေးပရဟိတအသင်းအဖွဲ့ရှိပြီး ကျန်းမာရေးနှင့်အခြားလူမှုရေးကိစ္စအဝဝအား ကူညီဆောင်ရွက်မှုများ ပြုလုပ်ပေးကြသည်။ အလုပ်အကိုင်အခွင့်အလမ်းနှင့်ပတ်သက်ပြီး ပုသိမ်မြို့ရှိ အထည်ချုပ်စက်ရုံနှင့် စက်မှုဇုန်များတွင် သွားရောက်လုပ်ကိုင်နိုင်ကြသည်။

## (ခ) အဟာန့်အတားနှင့် စိန်ခေါ်မှု

ကျေးရွာအနေအထားအရ ယေဘုယျအားဖြင့် အဟာန့်အတားစိန်ခေါ်မှု အများအပြား မတွေ့ရပါ။ ကျေးရွာ၌ကျေးရွာအခြေပြုအဖွဲ့အစည်းများရှိပြီး အဖွဲ့များကြားတွင် ပူးပေါင်းဆောင်ရွက်မှုရှိသော်လည်း ခေါင်းဆောင်မှုအပိုင်းနှင့် ညှိနှိုင်းဆောင်ရွက်မှုအပိုင်းတွင် စနစ်ကျမှုအနည်းငယ်အားနည်းကြောင်း တွေ့ရှိရသည်။

စိုက်ပျိုးမြေတိုးချဲ့နိုင်မှုနှင့်ပတ်သက်ပြီး မြေလွတ်မြေရိုင်းများ ထပ်မံမတိုးချဲ့နိုင်တော့ပဲ လက်ရှိမြေပေါ်တွင် ထုတ်လုပ်မှုတိုးမြှင့်ဆောင်ရွက်ကြသည်။ သီးနှံပိုးမွှားများ၊ ရောဂါကျရောက်မှုအန္တရာယ်တို့နှင့် ရင်ဆိုင်ရပြီး လယ်ယာစိုက်ပျိုးရေးအတွက် အထွက်နှုန်းလျော့ကျသည့် အန္တရာယ်မှာ အဟာန့်အတားနှင့် စိန်ခေါ်မှုတစ်ခုအဖြစ် ရှိနေပါသည်။

ကျေးရွာတွင် မူလတန်းလွန်ကျောင်းရှိပြီး ကျောင်းဆောင်(၂)ခုအနက် တစ်ဆောင်မှာ ဆွေးမြေ့ယိုယွင်းနေပြီဖြစ်သည့်အတွက် ကျောင်းသား/သူများ အန္တရာယ်ကျရောက်နိုင်ပါသည်။ အထက်တန်းပညာရေးအတွက် ကျေးရွာမှ(၇)မိုင်ခန့်ဝေးသည့် ပုသိမ်မြို့သို့သွားရောက် သင်ကြားနိုင်သည်။ ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲမရှိသော်လည်း (၂)မိုင်ခန့်ဝေးသော ရေချိုကုန်းကျေးလက်ဆေးပေးခန်းသို့ သွားရောက်ကုသနိုင်သည်။ ကျန်းမာရေးအတွက် အရေးပေါ်ကိစ္စများတွင် (၇)မိုင်ခန့်ဝေးသော ပုသိမ်မြို့ ဆေးရုံကြီးသို့ သွားရောက်ကုသရသဖြင့် အချိန်ကြာမြင့်မှု ရှိတတ်ပေသည်။

## ၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

## (က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အဖွဲ့နှင့်တိုင်ပင်ညှိနှိုင်းပြီးလာမည့်ငါးနှစ်တာကာလ အတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်းချမှတ်ထားပါသည်။

က.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် လမ်းပန်းဆက်သွယ်ရေးပိုမိုကောင်းမွန်လာအောင် တိုးချဲ့ဖန်တီးခြင်းမှတစ်ဆင့် ကျေးရွာအခြေခံအဆောက်အဦများကို တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ခြင်းဖြင့် လူမှုစီးပွားဘဝကို တိုးတက်ရရှိစေမည်။

က.၂) ကျွန်ုပ်တို့ကျေးရွာလူထုသည် သန့်ရှင်းသောသောက်သုံးရေရရှိရေးနှင့် လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ခြင်းမှတစ်ဆင့်ကျေးရွာအခြေခံအဆောက်အဦများကို တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ခြင်းဖြင့် လူမှုစီးပွားဘဝကို အခွင့်အရေးရရှိစေမည်။

က.၃) ကျွန်ုပ်တို့ရွာလူထုသည် စိုက်ပျိုးရေးလုပ်ငန်းများပိုမိုကောင်းမွန်လာအောင် ပူးပေါင်းဆောင်ရွက်ခြင်းမှတဆင့် ကျေးရွာအခြေခံအဆောက်အဦများကို တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ခြင်းဖြင့် လူမှုစီးပွားဘဝကို တိုးတက်ရရှိစေမည်။

က.၄) ကျွန်ုပ်တို့ရွာလူထုသည် ပညာရေးဝန်ဆောင်မှု၊ ကျန်းမာရေးစောင့်ရှောက်မှုများပိုမိုကောင်းမွန်လာအောင် ပူးပေါင်းဆောင်ရွက်ခြင်းမှတဆင့် ကျေးရွာအခြေခံအဆောက်

အဦမျာကို တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ခြင်းဖြင့် လူမှုစီးပွားဘဝကို တိုးတက်ရရှိစေမည်။

က.၅) ကျွန်ုပ်တို့ရွာလူထုသည် အသက်မွေးဝမ်းကြောင်းနှင့်စီးပွားရေးအုပ်စုများဖွဲ့စည်းပြီး ကျေးရွာအခြေပြုအဖွဲ့အစည်းများ၏စွမ်းဆောင်ရည်မြင့်မားလာမှုမှတစ်ဆင့် ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှုယန္တရားတိုးတက်လာစေရမည်။

က.၆) ကျွန်ုပ်တို့ရွာလူထုသည် လူငယ်များအရက်သေစာသောက်စားမှု လျော့နည်းပြီး တွေးခေါ်မြော်မြင်မှုနှင့်ယဉ်ကျေးမှုပိုမိုတိုးတက်လာခြင်းမှတစ်ဆင့် လူထု၏ရုန်းထနိုင်စွမ်း တိုးတက်လာစေရမည်။

## (ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည် –

ခ.၁) ကျေးရွာတွင် လမ်းပန်းဆက်သွယ်ရေး ပိုမိုအဆင်ပြေချောမွေ့စေရန် ကျေးရွာချင်းဆက်လမ်းများ တိုးချဲ့ဆောင်ရွက်ခြင်းကို သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။

ခ.၂) စိုက်ပျိုးရေးအတွက် မျိုးကောင်းမျိုးသန့်များရရှိရေး စိုက်ပျိုးရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။

ခ.၃) သန့်ရှင်းသောသောက်သုံးရေနှင့် လျှပ်စစ်မီးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းတို့နှင့် ချိတ်ဆက်ဆောင်ရွက်သွားပါမည်။

ခ.၄) ချောင်းကော၊ မြောင်းကောများ ပြန်လည်တူးဖော်ရေးအတွက် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်သွားပါမည်။

ခ.၅) စံချိန်မီစာသင်ဆောင်နှင့်ပရိဘောဂပစ္စည်းများအလုံအလောက်ရရှိရေးအတွက် ပညာရေးဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်သွားပါမည်။

## ၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက် အရပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါမည်။

## (က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့်အထောက်အပံ့များကို နိုင်ငံတော် အစိုးရထံမှရရှိမည်ဟုမျှော်လင့်ပါသည်။ ကျွန်ုပ်တို့ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင် ရရှိခဲ့မှု များကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီအစဉ်များကိုလည်း သတ်မှတ် ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့်အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျတ် ပမာဏပါဝင်သည့် နှစ်ပတ်လည်ဖွံ့ဖြိုးရေးစီမံချက်ပြင်ဆင်ရန်ဖြစ်သည်။

## (ခ) ကျေးရွာချင်းဆက်လမ်းများ အဆင့်မြှင့်တင်ခြင်း

သဲဖြူ–ရေချိုကုန်းကျေးရွာချင်းဆက်လမ်းသည် ကောင်းမွန်သော်လည်း မြေသားလမ်းသာဖြစ် သဖြင့် ကျောက်ချောလမ်းအဖြစ်အဆင့်မြှင့်တင်ပေးရန် ကျေးလက်လမ်းဦးစီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများနှင့် ချိတ်ဆက်သွားပါမည်။ သယ်ယူပို့ဆောင်ရေးနှင့် လယ်ယာလုပ်ငန်း အတွက် ရေလမ်းကိုအသုံးပြုကြသည်။ ထို့အပြင်ရွာတွင်းလမ်းမှာ ကျဉ်းမြောင်းနေသဖြင့် ရွာတွင်းလမ်းအား တိုးချဲ့ဆောင်ရွက်ရန်လိုအပ်ပါသည်။ ကျေးရွာရှိရွာတာတံတိုင်းအား အုတ်တံတိုင်းအဖြစ် ကာရံပေးရန် လိုအပ်ပါသည်။ ကျေးရွာတွင်းလမ်းနှင့် ရွာချင်းဆက်လမ်းများ ပိုမိုကောင်းမွန်လာပါက ကုန်စည်စီးဆင်းမှု သာမက ပညာရေးနှင့်ကျန်းမာရေးစောင့်ရှောက်မှုများအား အချိန်မီရရှိနိုင်မည်ဖြစ်ပါသည်။ အဆိုပါ လမ်းများ အဆင့်မြှင့်တင်ပြီးပါက လိုအပ်သလိုပြုပြင်ထိန်းသိမ်းမှုများကို အစိုးရဌာနနှင့် ကျေးရွာသူ/သား များမှဆောင်ရွက်သွားမည်ဖြစ်ပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှလည်း လိုအပ်သလိုပူးပေါင်း ဆောင်ရွက် သွားပါမည်။

## (ဂ) သန့်ရှင်းသောသောက်သုံးရေနှင့် မီးလင်းရေးဆောင်ရွက်ခြင်း

ကျေးရွာတွင် သန့်ရှင်းသောသောက်သုံးရေ လုံလောက်စွာရရှိရေးအတွက် စက်ရေတွင်း တူးဖော်ရန် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ချိတ်ဆက်သွားပါမည်။ ကျေးရွာရှိ ကျောင်းသား/သူများ အတွက် အထောက်အပံ့ဖြစ်စေရေးနှင့် ကျေးရွာတွင်းကုန်ထုတ်လုပ်ငန်းများ၊ လူမှုရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် လျှပ်စစ်မီးရရှိရေးအတွက် မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းနှင့် ချိတ်ဆက် ဆောင်ရွက်သွားပါမည်။ မဟာဓာတ်အားလိုင်းနှင့်ကွာဝေးနေခြင်းနှင့် ငွေကြေးအခက်အခဲများကြောင့် လျှပ်စစ်မီးမသွယ်တန်းနိုင်သဖြင့် ကျေးရွာမီးလင်းနိုင်ရေး ဌာနများမှ ပံ့ပိုးငွေများကို လိုအပ်လျက်ရှိပါသည်။

## (ဃ) စိုက်ပျိုးရေးလုပ်ငန်းများ တိုးမြှင့်နိုင်ရေးဆောင်ရွက်ခြင်း

ကျေးရွာသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကောင်းစွာဖြစ်ထွန်းပြီး တစ်နှစ်ပတ်လုံးစိုက်ပျိုးရေ ရရှိသည်။ သို့သော် လယ်ယာလုပ်သားရှားပါးလာမှုနှင့်အတူ ရာသီဥတုဖောက်ပြန်လာမှုတို့ကြောင့် လယ်ယာ လုပ်ငန်းအချိန်မီပြီးစီးရန် အခက်အခဲများရှိလာပါသည်။ စိုက်ပျိုးရေးဦးစီးဌာနနှင့်အတူ သက်ဆိုင်ရာဌာနများ ဖြစ်ကြသော စက်မှုလယ်ယာဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနများမှ ပြင်ပလယ်ယာ သုံးပစ္စည်းကိရိယာရောင်းချသော ကုမ္ပဏီများနှင့် ချိတ်ဆက်ပေးသင့်ပါသည်။ ထို့အပြင် အရစ်ကျစနစ်ဖြင့်

ရောင်းချမှုများ၊ ဈေးနှုန်းသက်သာစွာငှားရမ်းသုံးစွဲနိုင်ရေးကိုလည်း ဆောင်ရွက်ပေးသင့်ပါသည်။ စိုက်ပျိုးရေးလုပ်ငန်းများတိုးမြှင့်နိုင်ရေးအတွက် မျိုးကောင်းမျိုးသန့်များ၊ စိုက်ပျိုးရေးနည်းပညာများရရှိအောင် သက်ဆိုင်ရာဌာနဖြစ်သည့် စိုက်ပျိုးရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်သွားပါမည်။ အထူးသဖြင့် ဆောင်းစပါးစိုက်ကေများ ရေလုံလောက်စွာရရှိနိုင်ရေးအတွက် ချောင်းကော၊ မြောင်းကောများပြန်လည်တူးဖော်ပြုပြင်ရန် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေး ဌာနနှင့် ချိတ်ဆက်ဆောင်ရွက်သွားပါမည်။

**(င) အသက်မွေးဝမ်းကြောင်းဆိုင်ရာလုပ်ငန်းများဖန်တီးပေးခြင်း**

သဲဖြူကျေးရွာတွင် ပညာမတတ်သောလူငယ်အချို့မှာ မိမိဘဝတိုးတက်ရာအာမခံချက်ပေးနိုင်သည့်လုပ်ငန်းများပေါ်တွင် အာရုံစိုက်မှုနည်းပြီး ဂိမ်းကစားခြင်း၊ လှက်ရည်ဆိုင်ထိုင်ခြင်းများဖြင့် အချိန်ကုန်ဆုံးနေတတ်ပါသည်။ ထိုနည်းတူစွာပင် လက်လုပ်လက်စားကျပန်းများမှာလည်း လုပ်ငန်းအတည်တကျမရှိပဲ ရာသီပေါ်သီးနှံများပေါ်တွင်သာ ကျပန်းလုပ်ကိုင် စားသောက်နေကြရသည်။ ထိုသူများအတွက် သင့်လျော်သောအသက်မွေးဝမ်းကြောင်းဆိုင်ရာ အတတ်ပညာများရရှိအောင် ကျေးလက်ဦးစီးဌာနမှ သက်ဆိုင်ရာပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ကူညီဆောင်ရွက်ပေးသင့်ပါသည်။

**၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ**

ဗျူဟာဆိုသည်မှာ ချမှတ်ထားသော ပန်းတိုင်များကို ရောက်ရှိရန် အကောင်ထည်ဖော်မည့် နည်းလမ်းဖြစ်သည်။ နည်းလမ်းဆိုသည်မှာ မည်သည့်စီမံချက်များကို မည်သို့အကောင်ထည်ဖော်မည်ဆိုသည့် သဘောပင်ဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ချမှတ်ထားသော ပန်းတိုင်များကိုရောက်ရှိရန် ငါးနှစ်တာ စီမံချက်ကာလအတွင်းပါဝင်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

**(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်**

ကျေးရွာလူထုက ငါးနှစ်တာအတွက် စီမံကိန်းရေးဆွဲစဉ်အချိန်က ဦးစားပေးအစီအစဉ်ချခဲ့သောစီမံကိန်းများသည် ငါးနှစ်တာလုံးအတွက် ပြီးပြည့်စုံပြီဟုမဆိုနိုင်ပါ။ ဦးစားပေးစီမံကိန်းအချို့ကို ရှေ့ပိုင်းနှစ်များတွင် ဆောင်ရွက်နေစဉ် နောက်ထပ်ဦးစားပေးစီမံကိန်းအသစ်များပေါ်လာပါမည်။ ပုံမှန်အားဖြင့် စနစ်တကျရေးဆွဲထားသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် မူဘောင်သည် သဘာဝဘေးအန္တရာယ်ဆိုးဆိုးဝါးဝါးမကျပါက ပြောင်းလဲမှုသိသိသာသာမရှိနိုင်ပဲ နောက်တိုးဦးစားပေးစီမံကိန်း လုပ်ငန်းအချို့ ကို နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ထည့်သွင်းခြင်းအားဖြင့် အစဉ်သဖြင့် ငါးနှစ်တာ စီမံချက်တစ်ခုအသင့်အနေအထားတွင် ရှိနေပါမည်။

**(ခ) ကဏ္ဍနှင့် ရင်းနှီးမြှပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း**

စီမံကိန်းများကို မည်သည့်ဝန်ကြီးဌာန၊ ဦးစီးဌာနနှင့် သက်ဆိုင်သည်ဟု လုပ်ငန်းကဏ္ဍဆိုင်ရာအရခွဲခြားခြင်း (Functional classification) နှင့် စီးပွားရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက် မှုဆိုင်ရာ ရင်းနှီးမြှပ်နှံမှုကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification) ဟူ၍ နှစ်မျိုး ရှိသည်။

*လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classification)* – ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

*ရင်းနှီးမြှပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification)* တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့တို့ ပါဝင်သည်။

**(ဂ) ဦးစားပေးစီမံချက်များ**

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက် များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ် အဆင့် ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာအကူအညီများရရှိရန် လည်းလိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေး စီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ရော၀တီတိုင်းဒေသကြီး၊ ကန်ကြီးထောင့်မြို့နယ်၊ သဲဖြူကျေးရွာ၊ ဦးစားပေးစီမံချက်များ

| ကဏ္ဍ/ ကဏ္ဍခွဲ | စီမံချက် | ရမှတ် ပေါင်း | ဦးစားပေး အဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| *သယ်ယူပို့ဆောင်ရေးဆိုင်ရာ အဆောက်အဦနှင့် ဝန်ဆောင်မှု* | | | | | |
| | ၁။ လမ်းပန်းဆက်သွယ်သွယ်ရေး ပိုမိုတိုးတက် ကောင်းမွန်အောင် ဆောင်ရွက်ခြင်း | ၉၀ | ၁ | – ရွာတွင်းလမ်းအဆင့်မြှင့်တင်ရန် | ကျေးလက် ဦးစီး |
| *လူသားနှင့်အဖွဲ့ အစည်းဖွံ့ဖြိုးတိုးတက်ရေး* | | | | | |
| | ၂။ သန့်ရှင်းသောသောက်သုံးရေ ရရှိအောင် ဆောင်ရွက်ခြင်း | ၈၀ | ၂ | – မိုးရေလှောင်ကန်တည်ဆောက်ပေးရန် | ကျေးလက် ဦးစီး |
| | ၃။ စာသင်ကျောင်းဆောင် ပျက်စီး ယို့ယွင်းနေခြင်း | ၇၀ | ၃ | – စာသင်ကျောင်းဆောင်တိုးချဲ့တည်ဆောက်ပေးရန် | ကျေးလက် ဦးစီး၊ ပညာရေး ဌာန |
| | ၄။ ကျေးလက်ဆေးပေးခန်း တည်ဆောက်ခြင်း | ၅၀ | ၅ | – ကျေးလက်ဆေးပေးခန်းတည်ဆောက်ပေးရန် | ကျေးလက် ဦးစီး၊ ကျန်းမာရေး ဌာန |
| *စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု* | | | | | |
| | ၅။ ချောင်းကော/မြောင်းကောများ ဖြစ်ပွားလာခြင်း | ၆၀ | 4 | – ချောင်း/မြောင်းကောများပြန်လည်တူးဖော်ပေးရန် | ဆည်မြောင်း ဦးစီး |

**(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ**

